ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၆.၈၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယနေ့ ၂၇-၇-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး (ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးမကောင်းတို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၉)ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၏ အရှုံးအမြတ်၊ ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) က မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၏ အရှုံးအမြတ်၊ ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လယ်ယာစိုက်ပျိုးရေး၊ ဆည်မြောင်းနဲ့ မွေးမြူရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့စိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ စိုက်ဘဏ်ရဲ့ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာ သို့မဟုတ် နှစ်ချုပ်ငွေကြေးရှင်းတမ်း အစီရင်ခံစာကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။ ဒီလို မေးမြန်းတဲ့နေရာမှာ Power Point ၊ အင်္ဂလိပ်စာ အသုံးအနှုန်းများ ပါဝင်မှာဖြစ်သလို အချိန်မလုံလောက်ပါက ထပ်မံခွင့်ပြုပေးဖို့ တစ်ဆက်တည်း မေတ္တာရပ်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့အတွက် ကျေးလက်ဘဏ္ဍာရေးချေးငွေ ပံ့ပိုးမှုနယ်ပယ်ဟာ (၃)ခုရှိပါတယ်။ အဲဒါတွေကတော့ (၁)တရားဝင်ကဏ္ဍ (Formal Sector) တစ်ဝက်တစ်ပျက် တရားဝင်ကဏ္ဍ (Semi-Formal Sector) တရားမဝင်ကဏ္ဍ (Informal Sector)တို့ဖြစ်ပါတယ်။ တရားဝင်ကဏ္ဍဖြစ်တဲ့ စိုက်ဘဏ်က တစ်နိုင်ငံလုံးရဲ့ဘဏ်ခွဲပေါင်း(၂၀၀)ကျော်နဲ့ ချေးငွေတစ်ခုလုံးရဲ့ (၅၃)ရာခိုင်နှုန်းကျော် ဖြည့်ဆည်းနေတာကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် များစွာ အရေးပါနေပါတယ်။ စိုက်ဘဏ်အနေနဲ့ လယ်ယာချေးငွေပေါ်လစီနဲ့ပတ်သက်ပြီး လုံလောက်တဲ့ အရင်းအနှီးပမာဏကို တစ်ချိန်တည်း၊ တစ်ခါတည်း ထုတ်မပေးနိုင်တာကြောင့် ချေးငွေနဲ့ စီးပွားရေး ဆိုးသံသရာထဲမှာ လည်နေကြတာ ဖြစ်ပါတယ်။ ငွေကြေးစကားလုံးအရ ပြောရမယ်ဆိုရင် (Injection of Legal Amount of Capital)လို့ ကျွန်တော်တို့ သုံးနှုန်းပါတယ်။ လုံလောက်တဲ့ အရင်းအနှီး ဆေးထိုးခြင်းလို့လည်း ခေါ်ရပါမယ်။ စိုက်ဘဏ်ဟာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တဲ့ငွေကြေးဖြစ်တဲ့အတွက် တောင်သူလယ်သမားများရဲ့ စီးပွားဘဝ မြှင့်တင်ပေးဖို့ ရည်ရွယ်ချက်ရှိတာနဲ့အတူ ငွေကြေးစီမံခန့်ခွဲမှု ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာတွေကို နိုင်ငံသားအားလုံးအပေါ်မှာ ပွင့်လင်းမြင်သာစွာ ချပြဖို့ လိုအပ်ပါလိမ့်မယ်။ မြန်မာ့စိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဥပဒေအမှတ် (၁၇/၉၀)ရဲ့ ဘဏ်လုပ်ငန်းများ အခန်း(၅) ပုဒ်မ ၂၀ ရဲ့ ပုဒ်မခွဲ (က)မှာ နှစ်စဉ် နှစ်တို၊ နှစ်ရှည် ချေးငွေလုပ်ငန်းများထုတ်ပေးခြင်း၊ ပုဒ်မခွဲ(ခ)မှာ အပ်ငွေများလက်ခံခြင်း၊

အာမခံနဲ့ဖြစ်စေ၊ အာမခံမဲ့ဖြစ်စေ ချေးငွေများထုတ်ပေးခြင်း၊ ကြိုတင်ထုတ်ပေးခြင်း ဒါမှမဟုတ် အပ်ငွေများ ငွေပိုမိုထုတ်ပေးခြင်းတို့ကို ဥပဒေအရ အတိအကျ ဖော်ပြထားပါတယ်။ ပုဒ်မ ၂၁(က)ရဲ့ (၁)မှာဆိုရင် နှစ်စဉ်ချေးငွေဖြစ်လျှင် (၁)နှစ်အထိ (၂)မှာဆိုရင် နှစ်တိုချေးငွေဖြစ်လျှင် (၁)နှစ်ကနေ (၄)နှစ်အထိ၊ နှစ်ရှည်ချေးငွေဖြစ်လျှင် (၄)နှစ်ကနေ အနှစ်(၂၀)အထိ ဆိုပြီးတော့ ချေးငွေကာလ အပိုင်းအခြားကိုလည်း အတိအကျဖော်ပြထားပြီး ဖြစ်ပါတယ်။ စာရင်းအင်းများနဲ့ စာရင်းစစ်ဆေးခြင်း အခန်း(၆)ရဲ့ ပုဒ်မ၂၇(ခ)မှာဆိုရင် ဘဏ်ဟာ နှစ်စဉ်နှစ်ကုန်တိုင်း စာရင်းချုပ်ရှင်းတမ်းကို ရေးဆွဲရပါမယ်။ စာရင်းစစ်ချုပ်ရဲ့ မှန်ကန်ကြောင်း လက်မှတ်ထိုးထားတဲ့ အရှုံးအမြတ်စာရင်းနဲ့ လက်ကျန်ရှင်းတမ်း နှစ်ချုပ်အစီရင်ခံစာကို ဝန်ကြီးဌာနမှတစ်ဆင့် နှစ်ကုန်ပြီး (၆)လအတွင်း တင်ပြရမယ်လို့ ဖော်ပြထားပါတယ်။ အရေးကြီးဆုံးပုဒ်မဖြစ်တဲ့ ပုဒ်မ(၀)မှာဆိုရင် ဘဏ်ရဲ့နှစ်ချုပ်အစီရင်ခံစာကို အများသူငှာ သိရှိစေရန် ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း ထုတ်ပြန်ရမယ်လို့ ပွင့်လင်းမြင်သာမှုသဘောတရားကို ဥပဒေအရ အတိအကျ ဖော်ပြထားပါတယ်။

စိုက်ဘဏ်ရဲ့ငွေကြေးဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာကို ထုတ်ပြန်ပေးခဲ့လို့ရှိရင် အောင်မြင်မှုအတိုင်းအတာ၊ ကိုယ်ပိုင်ဘဏ္ဍာရေးအရင်းအမြစ်ပေါ်မှာ ရပ်တည်နိုင်မှုအတိုင်းအတာ၊ ဈေးကွက်စီးပွားရေးစနစ်ကိုရှေးရှုတဲ့ လုပ်ထုံးလုပ်နည်းတွေကို ကျွန်တော်တို့ သိရှိနိုင်မှာ ဖြစ်ပါတယ်။ နှစ်ချုပ်အစီရင်ခံစာ ထုတ်ပြန်တဲ့အထဲမှာ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွေကို ပါဝင်ထည့်သွင်းခဲ့မယ်ဆိုရင် ပြည့်စုံတဲ့အစီရင်ခံစာ ဖြစ်လာမှာပါ။ အဲဒီလိုဆောင်ရွက်ခဲ့မယ်ဆိုရင် ကောင်းမွန်တဲ့စီမံခန့်ခွဲမှု၊ မဟာဗျူဟာစီမံကိန်းရေးဆွဲထားမှု၊ ဖွဲ့စည်းမှုပုံသဏ္ဌာန်၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှု၊ ငွေကြေးပေါ်လစီနဲ့ လုပ်ထုံးလုပ်နည်းများ၊ အန္တရာယ်စီမံခန့်ခွဲမှုပေါ်လစီနဲ့လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစာရင်းထားသိုမှုစနစ်၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်၊ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာဆန်းစစ်မှုဆိုတဲ့ ကောင်းမွန်တဲ့ရလဒ်တွေကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ဒီရလဒ်တွေကနေတစ်ဆင့် ကျွန်တော်တို့ ဖွဲ့စည်းမှုဆိုင်ရာ ပြန်လည်ဆန်းစစ်ခြင်း၊ ကိုယ်ပိုင်စီမံခန့်ခွဲ ဆုံးဖြတ်နိုင်ဖို့ အခွင့်အာဏာကို တိုးမြှင့်နိုင်ခြင်း၊ ချေးငွေပေါ်လစီနဲ့ လုပ်ထုံးလုပ်နည်းများ ဆန်းသစ်တီထွင်မှု ခံနိုင်ခြင်း၊ တောင်သူတွေရဲ့ တောင်းဆိုချက်အလိုက် ချေးငွေအမျိုးအစားများ ဖန်တီးလာနိုင်ခြင်း၊ အန္တရာယ်စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်လာနိုင်ခြင်း၊ အရည်သွေးမြင့်တဲ့ ဝန်ထမ်းကောင်းတွေ မွေးထုတ်ပေးလာနိုင်ခြင်းဆိုတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ပြုပြင်ပြောင်းလဲမှုတွေမှာ အမှီလိုက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ငွေကြေးနဲ့ပတ်သက်ပြီး နှစ်စဉ်အရှုံးအမြတ်၊ အကြွေး၊ ရရန်ရှိ၊ လစာ၊ ကြွေးဆုံး၊ ချေးငွေ၊ ဝန်ထမ်း၊ အရေအတွက် စတဲ့ ကိန်းဂဏန်းတွေကို (၁)တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ချေးငွေနဲ့ ပြန်ရငွေ၊ စိုက်ဧကအလိုက် ချေးငွေနဲ့ပြန်ရငွေ၊ ချေးငွေရရှိရာမှာ ဖြတ်သန်းရတဲ့ စီမံခန့်ခွဲမှုအဆင့်ဆင့် (၃) တောင်သူလယ်သမားတွေရဲ့ အပ်နှံငွေ၊ (၄)၊ နှစ်စဉ် နှစ်တို၊ နှစ်ရှည် ချေးငွေပမာဏနဲ့ ဒေသအလိုက်ချေးငွေစတဲ့ ငွေကြေးဆိုင်ရာ အစီရင်ခံစာတွေကို ထုတ်ပြန်ပေးဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ကွဲပွဲ - မြို့စိုး - စစ်တောင်းမြစ်ကူး (နှစ်လမ်းသွား သံကူကွန်ကရစ်)တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ကွဲပွဲ - မြို့စိုး - စစ်တောင်းမြစ်ကူး (နှစ်လမ်းသွား သံကူကွန်ကရစ်)တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အုတ်တွင်း - ထန်းတပင် (၂)မြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ကွဲပွဲ-မြို့စိုး စစ်တောင်းမြစ်ကူးနှစ်လမ်းသွား သံကူကွန်ကရစ်တံတား ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ အချိန်လုံလောက်မှုမရှိပါက အနည်းငယ်တိုးမြှင့်ပေးဖို့ ကြိုတင် မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်းတပင်မြို့နယ်ဟာ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိပြီး အုတ်တွင်းမြို့နယ်ကတော့ အနောက်ဘက်ကမ်းမှာ တည်ရှိပါတယ်။ ထန်းတပင်မြို့နယ်ဟာ စစ်တောင်းမြစ်နဲ့ အရှေ့ပဲခူးရိုးမကြားမှာ တောင်နဲ့မြောက်ရှည်လျားစွာ တည်ရှိနေတဲ့ မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူအများစုဟာ လယ်ယာစိုက်ပျိုးရေးနဲ့ ဥယျာဉ်ခြံစိုက်ရေးတို့ကို အဓိကလုပ်ကိုင်ကြပြီး ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ပအိုဝ်း စတဲ့ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု အားနည်းတဲ့အတွက် ဒေသခံပြည်သူတို့ရဲ့ လူမှု စီးပွားဘဝဖွံ့ဖြိုးမှုဟာလည်း အားနည်းခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသား လွှတ်တော်မှာ ၆-၈-၂၀၁၂ ရက်စွဲနဲ့ အုတ်တွင်းမြို့နယ်နဲ့ ထန်းတပင်မြို့နယ်ကို ဆက်သွယ်ပေးမည့် မြင်းစု - ထန်းတပင် စစ်တောင်းမြစ်ကူး သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရံပုံငွေရရှိခဲ့ပြီး ယခုအခါ ဒေသခံပြည်သူများ အသုံးပြုနေလျက် ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်မှာ တင်ပြခဲ့သလို ထန်းတပင်မြို့နယ်ဟာ စစ်တောင်း မြစ်ရိုးတစ်လျှောက် တောင်နဲ့မြောက်ရှည်လျားစွာတည်ရှိပြီး မြို့နယ်ရဲ့မြို့ဖြစ်တဲ့ ထန်းတပင်မြို့ဟာ မြောက်ဖျားမှာ တည်ရှိနေတဲ့အတွက် အမှတ်(၃)စစ်တောင်းမြစ်ကူးတံတားဟာ မြို့နယ်ရဲ့တောင်ပိုင်း မှာတည်ရှိနေတဲ့ ကျေးရွာအများအတွက် အလှမ်းဝေးနေလျက်ရှိပါတယ်။ ယခု ကျွန်တော် တင်ပြ

တောင်းဆိုတဲ့ ကျွဲပွဲ - မြို့စိုး - စစ်တောင်းမြစ်ကူးတံတားဟာ အုတ်တွင်းမြို့နယ်မှ ကျွဲပွဲမြို့နဲ့ ထန်းတပင်မြို့နယ်မှ မြို့စိုးကျေးရွာတို့ကို ဆက်သွယ်ပြီး ထန်းတပင်မြို့နယ်ရဲ့ ဗဟိုအချက်အခြာကျတဲ့ ကင်မွန်းခြံဒေသနဲ့ ဇရပ်ကြီးဒေသတို့ကို ဆက်သွယ်ပေးမှာဖြစ်ပြီး ထိုမှတစ်ဆင့် ကျောက်ကြီးမြို့နယ်နဲ့ ဖြူးမြို့နယ်တို့ကို အလွယ်တကူ သွားရောက်နိုင်မှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် စစ်တောင်းမြစ်ရိုးတစ်လျှောက်မှာတည်ရှိကြတဲ့ အုန်းပင်၊ ပွဲသာ၊ စပါးကျီ၊ မြို့စိုး၊ ကြိမ်တောမြောင်၊ ငါးဆီလှောင်၊ ဇလုပ်ကြီး စတဲ့ကျေးရွာအုပ်စုများမှ ကျေးရွာများနဲ့ ထန်းတပင်မြို့နယ်၏ တောင်ဖျားပိုင်းမှာရှိနေတဲ့ ကျေးရွာများမှ ဒေသခံပြည်သူများဟာ အုတ်တွင်းမြို့နယ်မှ ရန်ကုန်-မန္တလေးကားလမ်း၊ ရထားလမ်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတို့တည်ရှိရာ ကျွဲပွဲမြို့သို့ အချိန်မရွေး လာရောက်နိုင်ကြမှာဖြစ်ပြီး ၎င်းတို့ရဲ့ လူမှုကိစ္စအဝဝကို ဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းများ ရရှိနိုင်မှာဖြစ်တဲ့အတွက် မဟာဗျူဟာမြောက်တံတားတစ်စင်း ဖြစ်လာမှာ အမှန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အုတ်တွင်း၊ ထန်းတပင် (၂)မြို့နယ်မှ ဒေသခံပြည်သူတို့ရဲ့ စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နဲ့ ထန်းတပင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ကျွဲပွဲ-မြို့စိုး-စစ်တောင်းမြစ်ကူး နှစ်လမ်းသွား သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၈။**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့်ဝင်ပုဂ္ဂိုလ်များနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို ဦးစွာပထမအနေနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမအပိုင်းအနေနဲ့ပြောရမယ်ဆိုလို့ရှိရင်တော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ရဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ နှစ်စဉ်အရှုံးအမြတ်၊ အကြွေး၊ ချေးငွေပြန် ရ/မရ (၁၀)နှစ်စာ နှစ်ချုပ်ငွေကြေးဆိုင်ရာ ကိန်းဂဏန်းများ ထုတ်ပြန်ပေးနိုင်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ အောက်ပါအတိုင်း ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ ဘဏ်ဟာ နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်စာရင်းရေးဆွဲရပြီး စာရင်းစစ်ချုပ်ရဲ့ သုံးသပ်တင်ပြချက်နဲ့အတူ ဘဏ်ရဲ့အရှုံးအမြတ်စာရင်း လက်ကျန်ရှင်းတမ်းများကို ပူးတွဲပြီး ဝန်ကြီးဌာနကို တင်ပြရပါတယ်။ ဝန်ကြီးဌာနကတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထပ်မံတင်ပြရပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးဖြင့် စိစစ်အတည်ပြုပြီးတဲ့နောက်မှာ အဆိုပါ နှစ်ချုပ်အစီရင်ခံစာများကို ဘဏ်ရုံးချုပ်မှာရှိတဲ့ ဌာနအသီးသီးကိုပေးပို့ပြီး ထုတ်ပြန်ကြေညာတာပဲ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ပြီးခဲ့တဲ့(၁၀)နှစ်တာကာလကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကနေပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အသားတင်အမြတ်စုစုပေါင်း ကျပ်(၅၄.၇၄)ဘီလီယံရရှိခဲ့ပြီး နိုင်ငံတော်ကို ထည့်ဝင်ငွေအနေနဲ့ စုစုပေါင်း ကျပ် (၄၁.၀၅၄)ဘီလီယံ ထည့်ဝင်နိုင်ခဲ့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်(၁၀.၈၂၃) ဘီလီယံ အရှုံးပေါ်ခဲ့ပါတယ်။ အရှုံးပေါ်ခဲ့ရခြင်းကတော့ ၂၀၁၄-၂၀၁၅ မတိုင်မီက မြန်မာ့စီးပွားရေး ဘဏ်ထံမှ အတိုးနှုန်း (၄)ရာခိုင်နှုန်းဖြင့် ချေးယူပြီး တောင်သူကို (၈.၅)ရာခိုင်နှုန်းဖြင့် ချေးနေရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီး မြန်မာ့စီးပွားရေးဘဏ်ထံမှ (၄)ရာခိုင်နှုန်းဖြင့် ချေးယူပြီး တောင်သူကို (၅)ရာခိုင်နှုန်းဖြင့် လျှော့ချချေးပေးခဲ့ရပါတယ်။ (၈.၅)ရာခိုင်နှုန်းဖြင့် ချေးခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ချေးငွေများက ၂၀၁၄-၂၀၁၅ အတွင်း ဝင်လာသည်များလည်းရှိပါတယ်။ ၂၀၁၄-၂၀၁၅ နှစ်မှာ အရှုံးပေါ်ခဲ့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကြွေးကျန်ငွေများကြောင့် စာရင်းအရသာ အရှုံးပေါ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါ အရှုံးစာရင်းအရ ငွေသားဆုံးရှုံးသွားသည်လို့တော့ မှတ်ယူ၍မရပါ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ နှစ်ချုပ်ပိတ်ချိန်မှာ (၆၃၆.၀၅၄)ဘီလီယံ ကြွေးကျန်ရှိ ခဲ့သော်လည်းပဲ ၂၀၁၅ မိုးချေးငွေရဲ့ ဆပ်ငွေများဝင်လာသဖြင့် ၁၃-၆-၂၀၁၆ ရက်နေ့အထိ ဆိုပါက အချိန်စေ့ရောက်ပြီး ကြွေးကျန်ကျပ်(၁၉၃.၂၅)ဘီလီယံ ကျန်ရှိနေပြီး ဆက်လက်ကောက်ခံနေဆဲပဲ ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဘဏ်ရုံးချုပ်(၁)ခု၊ တိုင်းဒေသကြီး/ပြည်နယ် (၁၅)ခု၊ မြို့နယ်ဘဏ်ခွဲ(၂၀၈)ခု စုစုပေါင်း (၂၂၄)ခု ရှိခဲ့ပြီး ဝန်ထမ်းဦးရေ (၂၄၄၇)ဦးအတွက် လစာကျပ်(၅.၉၃)ဘီလီယံထုတ်ပေးခဲ့ရပါတယ်။ ပြီးခဲ့တဲ့ (၁၀)နှစ်တာ ကာလအတွင်းမှာ ချေးခဲ့တဲ့ ချေးငွေများမှ ကြွေးဆုံးပြီး စာရင်းမှပယ်ဖျက်ခဲ့ရသည့် ချေးငွေအနေဖြင့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် မည်သို့မျှ ကောက်ခံမရသည့် ချေးငွေကျပ်(၇၇)သန်းကို ၂၀၁၄ ခုနှစ်မှာ စာရင်းမှ ပယ်ဖျက်ခဲ့ရသည်မှအပ အခြားစာရင်း ပယ်ဖျက်မှုမရှိခဲ့ပါ။ ပြီးခဲ့သည့်(၁၀)နှစ်တာကာလ စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်ကြည့်လျှင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်(၄၄.၈၇)ဘီလီယံ ချေးခဲ့ရာမှ ချေးငွေပမာဏ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၁၆၇.၄၈)ဘီလီယံအထိ ထုတ်ချေးနိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ချေးငွေပမာဏ အနည်းငယ်ကျဆင်းပြီး ကျပ်(၁၀၉၁.၄၀) ဘီလီယံထုတ်ချေးပေးခဲ့ပြီး ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်မူ ကျပ်(၁၇၀၀) ဘီလီယံခန့် ထုတ်ချေးရန် လျာထားပါတယ်။ သီးနှံအလိုက် ချေးငွေများကိုကြည့်လျှင် စပါးချေးငွေဟာ စုစုပေါင်းချေးငွေရဲ့ (၉၁)ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဘဏ်စတင်တည်ထောင်သည်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက်ချေးငွေများ ပြေကျေပြီးဖြစ်သော်လည်းပဲ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ အချိန်စေ့ပေးဆပ်ရန်ငွေများ ကျန်ရှိနေပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကောက်ခံရန်

ကျန်ငွေ ကျပ် (၈၃.၆၂)သန်း၊ ၂၀၁၃-၂၀၁၄ မှာ ကောက်ခံရန်ကျန်ငွေကျပ် (၉၃၅၄.၆၈)သန်း၊ ၂၀၁၄-၂၀၁၅ နှစ်မှာ ကျပ်(၄၇၆၆၇.၄၂)သန်း၊ ၂၀၁၅-၂၀၁၆ မှာ ကျပ်(၁၃၆၁၄၇.၁၄)သန်း စုစုပေါင်းကျပ် (၁၉၃၂၅၂.၇၆) သန်းဘီလီယံအားဖြင့် (၁၉၃.၂၅)ဘီလီယံ ကောက်ခံဖို့ရာကျန်ရှိနေပြီး ဆက်လက်ပြီးတော့ ကောက်ခံလျက်ရှိပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လချုပ်၊ နှစ်ချုပ်များကို စနစ်တကျ ပြုစုရေးဆွဲပြီး မြို့နယ်ဘဏ်ခွဲ၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ ဘဏ်ခွဲများမှသည် ဘဏ်ရုံးချုပ်တိုင်အောင် စာရင်းစစ်ရုံးမှ စာရင်းစစ်အဖွဲ့များက စစ်ဆေးအတည်ပြုထားပြီးဖြစ်ပါတဲ့အတွက် ဘဏ်ရဲ့နှစ်ချုပ် အစီရင်ခံစာများကို မေးကြတဲ့အတိုင်း အများပြည်သူသိရှိနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ်ခွဲများမှ တစ်ဆင့် ဆက်လက် ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ စာရင်းဇယားနဲ့ ပတ်သက်တဲ့ အသေးစိတ်ကလေးကိုတော့ ကျွန်တော် အချိန်ကိုငဲ့ကွက်ပြီးတော့ ဖတ်ကြားပြီးတော့မပြပါ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီမှာ တင်ပြခွင့် အနည်းအကျဉ်းတော့ ပေးစေချင်ပါတယ်။ ဒါကတော့ ဒီဘဏ္ဍာနှစ်အလိုက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ရုံးချုပ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်ဘဏ်ဦးရေမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ ဦးသန်းစိုး မေးထားတဲ့ လစာစာရင်းပေးမှုကို ပြဆိုတဲ့ဟာ ဖြစ်ပါတယ်။ ဒုတိယတစ်ခုကတော့ ဒီဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးစရိတ်ထုတ်ချေးငွေ အခြေအနေဖြစ်ပါတယ်။ ၂၀၀၆-၂၀၀၇ မှသည် ၂၀၁၅-၂၀၁၆ အထိ ထုတ်ပေးခဲ့တဲ့ ချေးငွေစုစုပေါင်းပမာဏ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နှစ်အလိုက်ထုတ်ချေးငွေ ပေးဆပ်ပြီးငွေ၊ ကျန်ငွေစာရင်း ဖြစ်ပါတယ်။ ယခင်ကြွေးဟောင်းကနေပြီးတော့ (၈၈)ခုနှစ်၊ ဆောင်းချေးငွေကာလအထိ အရင်းပြေကျေပြီး ကောက်ခံရန်ကျန်ရှိတဲ့ အတိုးဒဏ်တိုးများတွေကို စာရင်းမှနေ ပယ်ဖျက်ခဲ့တဲ့ ခုနှစ်အလိုက် ငွေပမာဏဇယားပဲ ဖြစ်ပါတယ်။ ဒါကတော့ ဒီအတိုးဒဏ်တိုးတွေကို စာရင်းမှပယ်ဖျက် ကင်းလွတ်ခွင့်ပြုခဲ့တဲ့ စာအမှတ်တွေကို BOD ဆုံးဖြတ်ချက်အရ ဖော်ပြခဲ့တဲ့ဟာတွေပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှု စာရင်းဖြစ်ပါတယ်။ ဒီနေရာမှာ အနည်းအကျဉ်း ရှင်းပြလိုတာကတော့ ဒီဖွံ့ဖြိုးရေးချေးငွေဆိုတာက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့ နိုင်ငံပိုင်စိုက်ပျိုးရေးအဖွဲ့အစည်းများ၊ မွေးမြူရေးအဖွဲ့အစည်းများနဲ့ တောင်သူလယ်သမားများနဲ့ လုပ်ငန်းရှင်တွေကို လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသလူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ပြီး ဖွံ့ဖြိုးရေးချေးငွေဖြစ်တဲ့ နှစ်ရှည်၊ နှစ်တို ချေးငွေများကို လိုအပ်တဲ့ စည်းကမ်းများနဲ့ သတ်မှတ်ထုတ်ချေးတဲ့ငွေပဲ ဖြစ်ပါတယ်။

ဒီငွေဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှစပြီး ထုတ်ချေးပေးနိုင်ခြင်းမရှိတော့ပါဘူး။ မရှိရတဲ့ အကြောင်းအရင်းကတော့ မိမိဘဏ်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့ စပါးကိုသာ အဓိကထား၍ ထုတ်ချေးပေးရတယ်။ နောက်ပြီးတော့ တောင်သူလယ်သမားများရဲ့ စုဆောင်းငွေကို ပြီးခဲ့တဲ့နှစ် အနည်းငယ်အတွင်းမှာ ပြန်လည်ထုတ်ပေးခဲ့ရတဲ့အတွက် ဘဏ်မှာရန်ပုံငွေ လုံလောက်မှုမရှိတဲ့အတွက် ဖွံ့ဖြိုးရေးချေးငွေများကို ထုတ်ပေးနိုင်ခြင်းမရှိတော့ကြောင်း တင်ပြပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ယင်းအစား နိုင်ငံတကာအကူအညီကိုယူပြီးတော့ Two Step Loan ချေးငွေရရှိနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်လျက် ရှိနေတယ်ဆိုတဲ့ အကြောင်းကိုလည်းပဲ တင်ပြပါတယ်။

ဒါကတော့ ဒီ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ၂၀၀၆-၂၀၀၇ ခုနှစ်ကနေ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် အရှုံးအမြတ်စာရင်းနဲ့ ကြွေးကျန်စာရင်းများ ဖြစ်ပါတယ်။ ဒီအထက်မှာဖော်ပြထားတဲ့ ကြွေးကျန်များဟာ လက်ရှိအချိန်ထိ ကြွေးကျန်များမဟုတ်ဘဲနဲ့ ဆိုင်ရာဘဏ္ဍာနှစ်အလိုက် နှစ်ကုန်တဲ့အခါမှာ ကျန်တဲ့ ကြွေးကျန်ပမာဏပဲ ဖြစ်ပါတယ်။ အခု ဖော်ပြချက်ကတော့ ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးစရိတ်ချေးငွေးနဲ့ သီးနှံအမျိုးအစားလိုက် ချေးငွေများကို ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။ နှစ်အလိုက်ဖော်ပြထားတာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ အထိ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ အထိ(၂)နှစ်စာ ဖော်ပြချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးသန်းစိုး မေးမြန်းတဲ့ မေးခွန်းပါ အချက်အလက်များဟာ ဒီစာရင်းအရ ဒီမှာ အချိန်ကိုင်ငဲ့ကွက်တဲ့အတွက် ဖတ်ကြားမပြတော့ပါဘူး။ ကျွန်တော် ဒီမှာ CD နဲ့ Power point ကိုဒီမှာ ထားခဲ့ပြီးသားဖြစ်တဲ့အတွက် စာရင်းဇယားအရ ဦးသန်းစိုး ရဲ့ မေးခွန်းပါ အချက်အလက်များကို ဖော်ပြပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားမှာပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲ-မြို့စိုးလမ်းနှင့် ထန်းတပင်မြို့နယ်မှာရှိတဲ့ ကျေးရွာများသို့ ဆက်သွယ်ပေးမည့် ကျွဲပွဲ - မြို့စိုး - စစ်တောင်းမြစ်ကူး (၂)လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်ပါက မြစ်ကူးတံတားအရှည်(၂၂၀၀)ပေ တည်ဆောက်ရမှာဖြစ်ပြီး ကျေးရွာ(၂၆)ရွာ၊ အိမ်ခြေ(၃၉၅၃)၊ လူဦးရေ(၁၉၂၁၆) ဦးတို့ကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

အဆိုပါတံတား တည်ဆောက်ပါက ငွေကျပ်(၆၀၀၀.၀၀)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘတ်ဂျက်လျာထား ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်/တိုင်းဒေသကြီးများမှာရှိတဲ့ လူဦးရေအချိုးအစားအရ လျာထားတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးကို ပါဝင်လျက် လျာထားပါတယ်။ ဒါ့အပြင် ကျေးရွာများရဲ့ လိုအပ်ချက်များအား မြို့နယ်၊ ခရိုင်နှင့်ပြည်နယ်၊ တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်မှာလည်း ဦးစားပေးအစီအစဥ်တိုင်း ရွေးချယ်လျာထားပေးရတာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေဟာ ကျပ်သန်းပေါင်း (၁၂၂၉၃.၇၀၄)သန်းသာ ဖြစ်ပါတယ်။ ကွန်ကရစ်လမ်း (၇)မိုင် (၇)ဖာလုံ၊ ကတ္တရာလမ်း (၈)မိုင် (၃)ဖာလုံ၊ ကျောက်ချောလမ်း (၆၀)မိုင် (၄)ဖာလုံ၊ ဂဝံ မြေနီလမ်း (၅၆)မိုင် (၇)ဖာလုံ၊ မြေသားလမ်း (၃၄)မိုင် (၁)ဖာလုံ၊ ကွန်ကရစ်တံတား(၂၅)စင်း၊ သစ်သားတံတား(၈၁)စင်း၊ ရေပြွန်(၈၅)စင်းနဲ့ ရေကျော်(၁၂)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အုတ်တွင်းမြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေကျပ်(၂၃၃.၂၈)သန်းဖြင့် ကျောက်ချောလမ်း(၂)မိုင်၊ (၂)ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်းနှင့် သစ်သားတံတား (၂)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ကျွဲပွဲ - မြို့စိုး - စစ်တောင်း မြစ်ကူး တံတားအသစ်တစ်စင်း တည်ဆောက်ရန်မှာ အရှည်(၂၂၀၀)ပေတံတား ဖြစ်ပါတယ်။ အသေးစိတ်

ကွင်းဆင်းပြီး Soil Test ပြုလုပ်ပြီး နည်းပညာကျွမ်းကျင်တဲ့ အင်ဂျင်နီယာများမှ Structure Design တွေကို တွက်ချက်ရေးဆွဲရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါတံတားဟာ ကျေးရွာချင်းဆက်လမ်းပေါ်မှာ တည်ရှိတာမှန်သော်လည်းပဲ မြစ်ကူးတံတားအမျိုးအစား ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တစ်တိုင်းလုံးမှာအသုံးပြုတဲ့ ကျပ်သန်းပေါင်းဟာ (၁၂၀၀၀)ကျော်ပဲ ရှိပါတယ်။ ဒီတံတားရဲ့ကုန်ကျစရိတ်ဟာ ကျပ်သန်း(၆၀၀၀)ကျော် ဖြစ်ပါတယ်။ ဆောက်ရမယ်ဆိုရင်တောင်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တံတားတည်ဆောက်ရေးအတွက် တံတားအထူးအဖွဲ့နဲ့ အထောက်အကူပစ္စည်းများလည်းမရှိတဲ့အတွက် ကျေးလက်ဒေသက ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ တံတားအမျိုးအစားပဲ ဖြစ်ပါတယ်။ ဆောက်ခွင့် ခွင့်ပြုမိန့်ရခဲ့ရင်တောင်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရမယ့်လုပ်ငန်းရပ် ဖြစ်ပါတယ်။ သို့ဖြစ်၍ တင်ပြချက်အရ တံတားတည်ဆောက်ရေးနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့မေးခွန်းများဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**များပြားသော ဝင်ငွေရရှိနေသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ဝင်ငွေအများစုကို ပုံမှန် ဘတ်ဂျက်လုပ်ငန်းစဉ်နှင့်သက်ဆိုင်ခြင်းမရှိသည့် ကိုယ်ပိုင်သီးသန့် ရန်ပုံငွေစာရင်း (SOE other account)အဖြစ် သီးခြားစုဆောင်းထားရှိသော ငွေစာရင်းများကို မည်ကဲ့သို့ စီမံအသုံးပြုနေသည်၊ ထိုပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများ သိရှိနိုင်စေရန် ပုံမှန်အစီရင်ခံချပြ ရှင်းလင်းပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်ဇယားဖြင့် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦးက များပြားသော ဝင်ငွေရရှိနေသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ဝင်ငွေအများစုကို ပုံမှန်ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် သက်ဆိုင်ခြင်းမရှိသည့် ကိုယ်ပိုင်သီးသန့်ရန်ပုံငွေစာရင်း (SOE other account)အဖြစ် သီးခြား စုဆောင်းထားရှိသော ငွေစာရင်းများကို မည်ကဲ့သို့ စီမံအသုံးပြုနေသည်၊ ထိုပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများသိရှိနိုင်စေရန် ပုံမှန်အစီရင်ခံ ချပြ ရှင်းလင်းပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်ဇယားဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမှတ်(၂)

မဲဆန္ဒနယ်မြေရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ များပြားတဲ့ ဝင်ငွေရရှိနေတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ကိုယ်ပိုင်သီးသန့် ရန်ပုံငွေစာရင်း (SOE other account)နဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွား မှာဖြစ်ပါတယ်။ Power point အသုံးပြုခွင့် ပေးပါရန်နှင့် မေးမြန်းချိန် (၃)မိနစ် မလုံလောက်ပါ၍ အပိုဆောင်း(၂)မိနစ်ကို တစ်ပါတည်းခွင့်ပြုပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ များပြားသောဝင်ငွေရရှိနေတဲ့ နိုင်ငံပိုင်လုပ်ငန်းများဟာ ၎င်းတို့ရဲ့ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် လုပ်ဆောင်နိုင်ရေး၊ လုပ်ငန်း ချဲ့ထွင်နိုင်ရေးနဲ့ မိမိတို့ရဲ့ ငွေကြေးအင်အားအပေါ် မိမိဘာသာ ရပ်တည်နိုင်ရေးဆိုတဲ့ ခံယူချက်တွေနဲ့ ဘဏ္ဍာရေးတစ်နှစ်မှ နောက်တစ်နှစ်ကို ဆင့်ကူးသယ်ဆောင်သွားနိုင်ဖို့အတွက် ၎င်းတို့ရဲ့ ဝင်ငွေ အများစုကို ကိုယ်ပိုင်သီးသန့် ရန်ပုံငွေစာရင်းဖြင့် စုဆောင်းထားရှိကြပါတယ်။ ဥပမာအားဖြင့် မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၎င်းရဲ့လုပ်ငန်းက ရရှိတဲ့ဝင်ငွေထဲက ကျပ်ငွေ(၁၃၂၀)ဘီလီယံကို ကိုယ်ပိုင်သီးသန့်ရန်ပုံငွေစာရင်းမှာ ထည့်သွင်းစုဆောင်း ခဲ့ပါတယ်။ ဒါကလည်း ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက တွင်းထွက်သယံဇာတ တူးဖော်တဲ့လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဆိုတဲ့ EITI အဖွဲ့ဝင်ဖြင့် လျှောက်ထားလို့ ၂၀၁၆ ခုနှစ်မှာ MEITI ဆိုတဲ့ အစီရင်ခံစာ ထွက်ပေါ်လာလို့ ကျွန်တော်တို့ သိရှိရတာပါ။ သို့မဟုတ်ရင်သိရှိနိုင်ဖို့ အလွန်ခဲရင်း ပါတယ်။ အဲဒီလို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ရဲ့ ပညာရေးအသုံးစရိတ်ဘတ်ဂျက်ဟာ (၁၀၅၀)ဘီလီယံကျပ်၊ ကျန်းမာရေးအသုံးစရိတ်ဟာ (၇၂၀)ဘီလီယံကျပ်သာရှိတဲ့အတွက် နှိုင်းယှဉ် ကြည့်နိုင်ပါတယ်။ MOGE လုပ်ငန်းအပြင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းတို့လို၊ သတ္တုတွင်း လုပ်ငန်းတို့လို ကြီးမားတဲ့ဝင်ငွေရရှိနေတဲ့ အခြားနိုင်ငံ ပိုင်လုပ်ငန်းကြီးတွေလည်း ရှိကြပါသေးတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပမာဏများပြားလှတဲ့ ပြည်သူ့ဘဏ္ဍာငွေများဟာ လွှတ်တော်က ထိန်းကျောင်းတဲ့ ပုံမှန်ဘတ်ဂျက်လုပ်ငန်းစဉ်များနဲ့ သီးခြားကင်းလွတ်နေပါတယ်။ MOGE ကိုပဲ နမူနာထပ်ပေးပြီး ပြောရရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် သူ့လုပ်ငန်းတွေ ကနေရရှိတဲ့ ဝင်ငွေစုစုပေါင်းရဲ့ (၄၀)ရာခိုင်နှုန်းခန့်ဖြစ်တဲ့ (၈၈၀)ဘီလီယံကျပ်ကိုသာ ပြည်ထောင်စု အသုံးစရိတ်ထဲကိုဝင်ပြီးတော့ ဝင်ငွေရဲ့(၆၀)ရာခိုင်းနှုန်းဖြစ်တဲ့ (၁၃၂၀)ဘီလီယံကျပ်ကိုတော့ ကိုယ်ပိုင် သီးသန့်ရန်ပုံငွေ စာရင်းထဲကို ထည့်ဝင်သွားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အစစအရာရာနိမ့်ကျပြီး တော့ ပြည်သူအများစုဟာလည်း ချို့တဲ့ ဆင်းရဲကြပါတယ်။ နိုင်ငံပိုင်လုပ်ငန်းကြီးတွေ ဒီလိုသီးသန့် စုဆောင်းထားတဲ့ရန်ပုံငွေကို စီမံခန့်ခွဲပြီး ထိုဆင်းရဲတဲ့ ပြည်သူများအတွက် ဦးစားပေးလုပ်ဆောင်ရမယ့် ပြည်သူ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူမှုဖူလုံရေးကိစ္စများအတွက် ဘဏ္ဍာငွေများစွာ လျော့ကျသွားနိုင် ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းကြီးတွေကို ဒီလိုပမာဏများစွာ သီးခြားထိန်းသိမ်းစီမံပိုင်ခွင့် ပေးထားခြင်း ဟာလည်း ပြည်သူ့ဘဏ္ဍာစီမံမှုပုံမှန်လုပ်ငန်းစဉ်မှ သွေဖည်စေနိုင်သလို လေလွင့်ဆုံးရှုံးမှုများနဲ့ အခြား ကြီးမားတဲ့ ပြဿနာတွေကိုလည်း ပေါ်ပေါက်သွားစေနိုင်ပါတယ်။ ဒီပြည်သူ့ဘဏ္ဍာငွေတွေကို မည်ကဲ့သို့ စီမံလည်ပတ်အသုံးချလုပ်ကိုင်နေသည်တို့ကို ပြည်သူများကို ပွင့်လင်းမြင်သာစွာ ပုံမှန်အစီရင်ခံ တင်ပြ


ပေးနိုင်မှသာ ယနေ့ဖော်ဆောင်နေတဲ့ ခေတ်စနစ်အသစ်နဲ့အညီ ပြည်သူ့အပေါ် တာဝန်ခံမှု၊ တာဝန်ယူမှု ရှိမှာဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ များပြားတဲ့ ဝင်ငွေရရှိနေတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတွေသည် ၎င်းတို့ရဲ့ ဝင်ငွေအများစုကို နိုင်ငံတော်ရဲ့ ပုံမှန်ဘတ်ဂျက်လုပ်ငန်းစဉ်နဲ့ သက်ဆိုင်ခြင်းမရှိတဲ့ ကိုယ်ပိုင်သီးသန့်ရန်ပုံငွေစာရင်း (SOE other account)အဖြစ် သီးခြားစုဆောင်းထားရှိတဲ့ ငွေစာရင်းတွေကို မည်ကဲ့သို့ စီမံအသုံးပြုနေသည် ထိုပြည်သူ့ဘဏ္ဍာငွေစာရင်းမှာ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများသိရှိစေနိုင်ရန် ပုံမှန်အစီရင်ခံ ချပြပေးမည့် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါကလည်း မည်သည့်အချိန်ဇယားဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်အချို့နှင့် နှိုင်းယှဉ်မှုပုံ (ခ)




မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) (ခ-၁)



စာသင်ကျောင်း တစ်ကျောင်း၏ မြင်ကွင်းပုံ (ခ-၂)



**ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက အကြောင်းအမျိုးမျိုးကြောင့် လာရောက်ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုဘဲ ထီထိုးကံစမ်းသူပြည်သူများကိုပင် ပြန်လည်၍ ဆုမဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးထိန်ဝင်းက ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက အကြောင်းအမျိုးမျိုးကြောင့် လာရောက်ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုဘဲ ထီထိုးကံစမ်းသူ ပြည်သူများကိုပင် ပြန်လည်၍ ဆုမဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက အကြောင်းအမျိုးမျိုးကြောင့် ထီဆုငွေများ လာရောက်ထုတ်ယူခြင်းမရှိတဲ့ ဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုဘဲနဲ့ ထီထိုးကံစမ်းတဲ့ ပြည်သူများကိုပင် ပြန်လည်ဆုမဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်မလုံလောက်လို့ရှိရင်တော့ (၂)မိနစ်ခန့် တိုးမြှင့်ပေးဖို့ လေးစားစွာဖြင့် ပန်ကြားတောင်းခံအပ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲကနေပြီး တော့ လစဉ်ထီလက်မှတ်များ ရောင်းချတဲ့အခါမှာ ရောင်းချရရှိငွေရဲ့ (၄၀)ရာခိုင်နှုန်းကို နိုင်ငံတော် အတွက် အခွန်ကောက်ခံပြီးတော့ (၆၀)ရာခိုင်နှုန်းကို ထီထိုးကံစမ်းကြတဲ့ မိဘပြည်သူတွေကို ဆုမဲများ အဖြစ် ဖွင့်လှစ်ပေးကြောင်း သိရှိရပါတယ်။ ထီထိုးကံစမ်းသူတွေအနေနဲ့ ထီပေါက်စဉ်နဲ့ တိုက်တဲ့ အလေ့အထ နည်းပါးလာတဲ့အတွက် ထီပေါက်သည်ကို မသိရှိခြင်း၊ ထီပေါက်ပါကလည်း ထီဆိုင်များမှ အကြောင်းကြားပေးမယ်လို့ ထင်ပြီးတော့ ထီမတိုက်ခြင်း၊ ထီပေါက်သည်ကို သိရှိသော်လည်း အကြောင်း အမျိုးမျိုးကြောင့် ထီလက်မှတ်များ ပျောက်ဆုံး၊ ပျက်စီးမှုများကြောင့် ထီဆုငွေများ လာရောက်ထုတ်ယူ ခြင်းမရှိတဲ့အတွက် နိုင်ငံတော်ကနေပြီးတော့ ဘဏ္ဍာငွေအဖြစ်နဲ့ သိမ်းဆည်းခံရမှုတွေဟာ နှစ်စဉ် တစ်နှစ်လျှင်ပျမ်းမျှ (၂)ဘီလီယံကျော်၊ ကျပ်ငွေအားဖြင့် ကျပ်သန်း(၂၀၀၀)ကျော်ရှိကြောင်း သိရှိရပါတယ်။ ကျန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ (၃၁၄)ကြိမ်မြောက် အစိုးရအောင်ဘာလေသိန်းထီဖွင့်ပွဲကြီးမှ ကျွန်တော်တို့ လာရောက်ထုတ်ယူခြင်းမရှိတဲ့ ဆုမဲအရေအတွက်က (၃၇၂၉)ဆုရှိပြီးတော့ ဆုငွေတန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း လေးထောင်တစ်ရာကိုးသိန်းငါးသောင်းကျပ် တိတိကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

ဒါ့အပြင် (၃၁၃)ကြိမ်မြောက်မှာ ဆုငွေကျပ်(၁၅၀၀)ဆုအပါအဝင် ဆုမဲပေါင်းများစွာကို နိုင်ငံတော်ဘဏ္ဍာအဖြစ်နဲ့ သိမ်းဆည်းခဲ့တယ်ဆိုတာလည်းပဲ သိရှိခဲ့ရပါတယ်။ အဆိုပါဆုငွေတွေဟာ ကျွန်တော်တို့ ထီရောင်းချရတဲ့ ငွေထဲကနေပြီးတော့ ပြည်သူအတွက် ခွဲဝေချထားပေးတဲ့ (၆၀) ရာခိုင် နှုန်းသော ငွေများဖြစ်တဲ့အတွက် လာရောက်ထုတ်ယူခြင်းမရှိတဲ့ငွေတွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနေတာဟာ လုံးဝမသင့်ဘူးလို့ ထင်ပါတယ်။ မကြာခင်ကာလမှာလည်းပဲ ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့ ထီတစ်စောင်လျှင် (၅၀၀)ကျပ်နှုန်းနဲ့ အောင်ဘာလေ ထီလက်မှတ်များကို ထုတ်လုပ်ရောင်းချမယ်ဖြစ်ပြီးတော့ ကျပ်သိန်းပေါင်း(၁၀၀၀၀)ဆုငွေတွေကို ဖွင့်လှစ်ပေးမယ်ဆိုတဲ့ အကြောင်းလည်း သိရှိခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော် အနေနဲ့ မေးမြန်းလိုတာကတော့ အကြောင်းအမျိုးမျိုးကြောင့် ထီဆုငွေများ လာရောက်ထုတ်ယူခြင်း မရှိတဲ့ ဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်နဲ့ သိမ်းဆည်းခြင်းမပြုဘဲ ပြည်သူရဲ့မျက်နှာကြည့်ပြီး တော့ ပြည်သူတွေရဲ့ရပိုင်ခွင့် အခွင့်အရေးများကို ထီထိုးကံစမ်းတဲ့ ပြည်သူတွေအတွက် ထီဆုမဲများ အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ နောက်တစ်ချက်ကတော့ ထီဈေးနှုန်း တွေ မြင့်မားနေတာဟာ ထီစောင်ရေကို လိုသလောက်ထုတ်ပေးနိုင်ခြင်းမရှိဘူးလို့ ကျွန်တော်တို့ ထီရောင်းတဲ့ တွန်းလှည်းလေးတွေနဲ့ ရောင်းတဲ့သူတွေ ထီစက်ဘီးနဲ့ ရောင်းတဲ့သူတွေကို တွေ့ဆုံ မေးမြန်းတဲ့အခါမှာ ကျွန်တော်တို့ကို သက်ဆိုင်ရာ အခွန်ရုံးတွေကနေပြီးတော့ ထီပါမစ်တွေနဲ့ ထုတ်ယူ ရရှိခြင်းမျိုးမရှိဘဲနဲ့ ထီဆိုင်ကြီးတွေက အဆင့်ဆင့် ကျွန်တော်တို့ ယူရတဲ့အတွက် ထီဈေးနှုန်းတွေ မြင့်မားတယ်။ ကျွန်တော်တို့ကလည်းပဲ ကျွန်တော်တို့ စားဝတ်နေရေးအတွက် ထီဈေးနှုန်းကို ထပ်မံပြီး တော့ တိုးမြှင့်ပြီးတော့ ရောင်းချရတဲ့အတွက် ကျွန်တော်တို့ ထီဈေးနှုန်းတွေ မြင့်မားနေတာဖြစ်ပါတယ်။

ကျွန်တော်တို့ကို မြို့နယ်ရုံးတွေက ထီပါမစ်နဲ့ ထီဈေးနှုန်းတွေကို ထီစာအုပ်တွေကို ထုတ်ပေးမယ်ဆိုလို့ ရှိရင် မူရင်းဈေးအတိုင်း ရောင်းချနိုင်ပါတယ်ဆိုပြီးတော့ ဒီလိုမျိုးတွေ ပြောထားတာရှိတဲ့အတွက် ထိန်းချုပ်ထားတဲ့ ဥစ္စာကို မထိန်းချုပ်ဘဲနဲ့ တစ်ပိုင်တစ်နိုင်ရောင်းချတဲ့ လူတွေကို မြို့နယ်ရုံးတွေကနေ ပြီးတော့ ထီစာအုပ်များ လွယ်လင့်တကူ လိုအပ်သလောက် ဝယ်ယူခွင့်ရရှိရေးအတွက် ------------------ (သြဘာသံများ)

**တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဆွေးမြည့်ပျက်စီးမှုမရှိမီ နိုင်ငံ့ဘဏ္ဍာ ဖြည့်တင်းနိုင်ရေးအတွက် လေလံတင် ရောင်းချခြင်း သို့မဟုတ် မော်တော်ယာဉ် လိုအပ်သောဌာနများသို့ လွှဲပြောင်းအသုံးပြုခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအောင်မျိုး က တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဆွေးမြည့်ပျက်စီးမှုမရှိမီ နိုင်ငံ့ဘဏ္ဍာဖြည့်တင်းနိုင်ရေးအတွက် လေလံတင် ရောင်းချခြင်း သို့မဟုတ် မော်တော်ယာဉ် လိုအပ်သောဌာနများသို့ လွှဲပြောင်း အသုံးပြုခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဆွေးမြည့်ပျက်စီးမှု မရှိခင် နိုင်ငံဘဏ္ဍာဖြည့်တင်းနိုင်ရေးအတွက် လေလံတင်ရောင်းချခြင်း သို့မဟုတ် မော်တော်ယာဉ် လိုအပ်သော ဌာနများသို့ လွှဲပြောင်း အသုံးပြုခွင့်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်အပါအဝင် မြို့နယ်အသီးသီးမှာ တရားရုံးကနေ အမှုပြီးပြတ်ပြီးတော့ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဉ်တွေ အမြောက်အမြား တွေ့ရှိနေတာကို ကျွန်တော်ကိုယ်တိုင်လေ့လာတွေ့ထိမှုအရ သိရှိခဲ့ရပါတယ်။ သိမ်းဆည်းထားစဉ်က မူလပကတိအကောင်းအတိုင်း ရှိနေပေမယ့်လို့ မော်တော်ယာဉ်များကို ထိန်းသိမ်းထားတဲ့အခါ နည်းစနစ်မမှန်ကန်ခြင်း၊ အမိုးအကာအောက်မှာ သိမ်းဆည်းထားခြင်းမဟုတ်ဘဲ ကွင်းပြင်အနေအထားမှာ နေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်ကို ခံရပြီးတော့ အကာအကွယ်မဲ့ ထားရှိခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံး နေတာတွေကိုလည်း တွေ့ရှိနေရပါတယ်။ ဒါ့အပြင် မသမာသူအချို့ရဲ့ မော်တော်ယာဉ်အစိတ်အပိုင်းတွေကို ဖြုတ်ယူခြင်း၊ ခိုးယူခြင်းစတဲ့ အကြောင်းအချက်တွေကိုလည်း မြောက်မြားစွာ တွေ့ရှိနေရပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဘဏ္ဍာ တစ်တပ်တအားဖြည့်တင်းနိုင်ဖို့ ယနေ့အချိန်မှာ တိုင်းပြည်ရဲ့ နိုင်ငံတော်အကြီးအကဲတွေက သူတို့ရဲ့ နိုင်ငံတော်အဆောင်အယောင်စရိတ်တွေ လျှော့ချပြီးတော့ အခုလိုဘဏ္ဍာကို ဆောင်ရွက်နေတဲ့ကာလမျိုးမှာ ဒီလိုတိုင်းပြည်အတွက် အရေးကြီးတဲ့ ဘဏ္ဍာငွေဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်မယ်ဆိုရင် အထူးသင့်လျော်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ နိုင်ငံဘဏ္ဍာဖြည့်တင်းမှုအတွက် တရားရုံးကနေ အမှုပြီးပြတ်အောင် ဆောင်ရွက်ထားတဲ့ မော်တော်ယာဉ် အစိတ်အပိုင်းတွေ၊ မော်တော်ယာဉ်နဲ့ပတ်သက်တဲ့ မော်တော်ဆိုင်ကယ်တွေ စသည်ဖြင့် ဒါတွေကို နိုင်ငံဘဏ္ဍာဖြည့်တင်းရေးအတွက် အချိန်မီ လေလံတင်ရောင်းချနိုင်မှု ရှိ/မရှိ။ သို့တည်းမဟုတ် မော်တော်ယာဉ်လိုအပ်နေတဲ့ ဌာနတွေကို လွှဲပြောင်းအသုံးပြုခွင့်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးရဲ့ များပြားသော၊ ဝင်ငွေရရှိနေသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ဝင်ငွေအများစုကို ပုံမှန်ဘတ်ဂျက် လုပ်ငန်းစဉ်နှင့် သက်ဆိုင်ခြင်းမရှိသည့် ကိုယ်ပိုင်သီးသန့်ရန်ပုံငွေစာရင်း (SOE Other Account)ဖြင့် သီးခြားစုဆောင်းထားရှိသော ငွေစာရင်းများကို မည်ကဲ့သို့ စီမံအသုံးပြုနေသည်နှင့် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများ သိရှိနိုင်စေရန် ပုံမှန်အစီရင်ခံချပြရှင်းလင်းပေးမယ့် အစီအစဉ်ရှိ/မရှိ ရှိပါက မည်သည့်အချိန်ဇယားဖြင့် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးမောင်မောင်ဝင်း က ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကစပြီး စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနဲ့ မိမိတို့ရဲ့ ငွေကြေးအင်အားအပေါ်မှာ မိမိတို့ ရပ်တည်ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်ပြီးတော့ ထိုစဉ်က ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနရဲ့ ၃-၄-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ဘခ -၃ / ၂၀ /၅၄၇/ ၂၀၁၂ ဖြင့် မိမိတို့လုပ်ငန်းများ ဆောင်ရွက်၍ ရရှိသော သာမန်ရငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း Union Fund Account (OA) Account သို့ ဖွင့်လှစ်၍ ပေးသွင်းစေခဲ့ပါတယ်။ မိမိကိုယ်ပိုင်ဘဏ္ဍာ ရန်ပုံငွေစာရင်းမှ ကျခံသုံးစွဲရန်ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုတဲ့ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနဲ့ လျာထားသတ်မှတ်ပေးတဲ့ အသုံးစရိတ်များကို လုပ်ငန်းသုံးရင်းနှီးငွေ (Working Capital)

အဖြစ် ထုတ်ယူသုံးစွဲရတဲ့ ပုံစံဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို တစ်ချိန်ချိန်မှာ မိမိဘဏ္ဍာရန်ပုံငွေအပေါ်မှာ မိမိတို့ရပ်တည် ဆောင်ရွက်နေစေခြင်းအားဖြင့် နိုင်ငံတော်ရဲ့ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးကို လျော့နည်းသွားစေရန် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို ပထမအဆင့်မှာ သာမန်အသုံးစရိတ်အချို့ကို ကျွန်တော်တို့ ကျခံဖို့ ဖြစ်ပါတယ်။ နောက် ဒုတိယအဆင့်မှာ သာမန်အသုံး စရိတ်အားလုံးသူ့ငွေနဲ့သူ ကျခံနိုင်ဖို့ ဖြစ်ပါတယ်။ နောက်အဆင့်တွေကြရင်တော့ သူတို့ရဲ့ ရန်ပုံငွေအပေါ်မှာလုံးလုံးရပ်တည်ပြီးတော့မှ သူတို့ရဲ့ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးဒါတွေကို သူတို့ငွေနဲ့ပဲ သူတို့ ရပ်တည်လည်ပတ်နိုင်အောင် ကျွန်တော်တို့ ဖြစ်ပါတယ်။

အဲဒီလို တစ်ဆင့်ပြီးတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ကျခံပေးခြင်းမပြုတော့ဘဲနဲ့ ၎င်းတို့ရဲ့ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေကနေ ကျခံသုံးစွဲစေခြင်းအားဖြင့် နိုင်ငံတော်ဘတ်ဂျက်ကနေအဖွဲ့အစည်းများအတွက် ကျခံသုံးစွဲပေးရမှုကို လျော့နည်းသက်သာစေပြီးတော့ ၎င်းတို့ရဲ့ ရန်ပုံငွေအပေါ်မှာ ၎င်းတို့ရပ်တည်ဆောင်ရွက်နိုင်တဲ့အထိ ကျွန်တော်တို့ ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်။ ဒီ အစီအစဉ်ကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ချမှတ်ကျင့်သုံးခဲ့ပါတယ်။ အခု ၂၀၁၆-၂၀၁၇ လက်ရှိဘဏ္ဍာရေးနှစ်ကို ရောက်ရှိတဲ့အခါမှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၈)ခုဟာ သာမန်အသုံးစရိတ်အားလုံးကို ၎င်းတို့ရဲ့ ဘဏ္ဍာရန်ပုံငွေဖြစ်တဲ့ UFA(OA) စာရင်းကနေပြီးတော့ ကျခံနိုင်တဲ့ အနေအထားကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ကုန်ထုတ်လုပ်မှုနဲ့ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှုက ရရှိတဲ့ရငွေများကို ကျွန်တော်တို့ UFA(OA)Account ထဲကိုပေးသွင်းစေပြီးတော့ နှစ်စဉ် ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာ ဥပဒေမှာ ဒီ Account က ပေးသွင်းတဲ့ ငွေတွေဟာလည်း နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရဲ့ ရငွေအဖြစ်နဲ့ပါဝင်ပြီး ဖြစ်ပါတယ်။ UFA(OA)Account ထဲမှာရှိတဲ့ငွေကိုလည်းပဲ သတ်မှတ်ချက်နဲ့အညီသာ ထုတ်ယူသုံးစွဲရပါတယ်။ ဒီအသုံးစရိတ်တွေဟာလည်းပဲ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာဥပဒေမှာ မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မယ့် သာမန်သုံးငွေများ (လုပ်ငန်းသုံး ရင်းနှီးငွေများ) အဖြစ်နဲ့ထည့်သွင်းလျာထားပြီးမှ ထုတ်ယူသုံးစွဲရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA(OA)Account လက်ကျန်တွေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးတဲ့ အခါမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးအတည်ပြုပြီးလို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်နဲ့ မိမိကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေအဖြစ်နဲ့ ရှေ့ဘဏ္ဍာရေးနှစ်ကို ကျွန်တော်တို့က ဆက်လက်သယ်ဆောင်ခွင့်ပြုထားပါတယ်။

ဒီလိုသယ်ဆောင်ခွင့်ပြုခြင်းဟာလည်းပဲ ကိုယ်ပိုင်သီးသန့်စာရင်းအဖြစ်နဲ့ သီးခြားထုတ်ပေးထားရှိခြင်းမျိုးမဟုတ်ဘဲနဲ့ စာရင်းသဘောအရသာ မှတ်သားပြီးတော့ ဆက်လက်သယ်ဆောင်ခွင့်ပြုထားတာဖြစ်ပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းရဲ့ UFA(OA) စာရင်းအောက်မှာ သူကရှိနေပါတယ်။ ရှိပြီးတော့ ဒီ UFA(OA)Account ထဲမှာရှိတဲ့ ငွေနဲ့ အသုံးစရိတ်တွေကို ထုတ်ယူသုံးစွဲရာမှာလည်းပဲ သူ့သဘောနဲ့သူ ထုတ်ယူသုံးစွဲလို့ မရဘဲနဲ့ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုထားတဲ့ Budget Law အတိုင်း Budget Law မှာပါတဲ့ အသုံးစရိတ်အတိုင်းသာ ထုတ်ယူသုံးစွဲနိုင်တာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပုံမှန်ဘတ်ဂျက်လုပ်ငန်းစဉ် အောက်ကသာ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ UFA(OA)Account ထဲရှိ ငွေများဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကြီးထဲမှာ အလုံးစုံပါဝင်ပြီးသား ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ပြင်ပလောကမှာ နားလည်နေကြတဲ့ ကိုယ်ပိုင်သီးသန့်ရန်ပုံငွေစာရင်း (SOE Other Account) ဆိုသည်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပကို ရောက်ရှိနေတဲ့ စာရင်းမဟုတ်ပါကြောင်း၊ စာရင်းရဲ့နာမည်ကို Union Fund Account (Other Account)လို့ခေါ်ပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းရဲ့ အခြားစာရင်းရှင်လို့ မိမိတို့ခေါ်ဝေါ် သုံးစွဲပါကြောင်း၊ အဆိုပါ ငွေစာရင်းကို ဘဏ္ဍာရေးနှစ်အတွင်းမှာရရှိတဲ့ ထည့်ဝင်တဲ့ရငွေများနဲ့ ထုတ်ယူသုံးစွဲတဲ့ အသုံးစရိတ်များဟာလည်းပဲ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေရဲ့ လျာထား ချက်တွေမှာ ပါဝင်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး လေ့လာသိရှိနိုင်ရန်အတွက် နိုင်ငံတော်ပိုင်သတင်းစာမှာပါတဲ့ Budget Law မှာလည်းပဲ လေ့လာတွေ့ ရှိနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပိုမိုရှင်းလင်းစေဖို့အတွက် ကျွန်တော် Power Point Slide(၂)ချက်နဲ့ တင်ပြထားပါတယ်။ ကျွန်တော်တို့ရဲ့ စာရင်းထိန်းသိမ်းတဲ့ စနစ်အရတော့ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းဟာ ယခင်တုန်းကတော့ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းနဲ့ တိုင်းနဲ့ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းတွေဆိုပြီးတော့ ခွဲခြားပြီးတော့ ရေးဆွဲထားရှိပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုက ထိန်းသိမ်းတဲ့ တိုင်းပြည်တစ်ခုလုံးအတွက် ထိန်းသိမ်းတဲ့ ရန်ပုံငွေကြီးကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေဖြစ်တဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ဗဟိုအဖွဲ့အစည်းများ အပါအဝင် ဒါတွေကို ကျွန်တော်တို့က (MMD)စာရင်းတွေလို့ ခေါ်ပါတယ်။ ဒါတွေအားလုံးဟာ ကျွန်တော်တို့ Drawing Account တွေ ငွေထုတ်စာရင်းတွေ ဖြစ်ပါတယ်။ အစိုးရရဲ့ ငွေထုတ်စာရင်းတွေ ဖြစ်ပါတယ်။ (MMD) Account မှာ ဆိုလို့ရှိရင်လည်း ရငွေအားလုံးကို အဲဒီ Account ထဲကို ထည့်ရပါတယ်။ သုံးငွေ အားလုံးကို အဲဒီ Account ထဲကနေ ထုတ်သုံးရပါတယ်။ ဒါတွေဟာ Budget Law နဲ့ ပြဋ္ဌာန်းပြီးတော့ အရအသုံးတွေ ဖြစ်ပါတယ်။ အလားတူပဲ SEE မှာ ဆိုလို့ရှိရင်လည်း SEE များသည် SEE Account ဆိုပြီးတော့ ဖွင့်ရပါတယ်။ SEE Account ဒါယခင်တုန်းက ကျွန်တော်တို့ စောစောကတင်ပြတဲ့ ၂၀၁၂ ခုနှစ် မတိုင်ခင်အထိကတော့ ဒါ SEE Account တွေပဲ ရှိပါတယ်။ SEE Account ရှိပြီးတော့ ရငွေ အားလုံး၊ သုံးငွေအားလုံး ဒီအထဲကပဲ ထုတ်သုံးရတဲ့ စနစ်ဖြစ်ပါတယ်။ နောက်ပိုင်း UFA(OA) ရယ်လို့ သီးခြား ဖွင့်ခွင့်ပြုပြီးတဲ့နောက်မှာတော့ ကျွန်တော်တို့ ရည်ရွယ်ချက်နဲ့ သီးခြားဖွင့်ပြီးတဲ့ နောက်မှာတော့ SEE Account ရယ် UFA(OA)Account ရယ်ဆိုပြီးတော့ ကျွန်တော်တို့ (၂)မျိုးထားရှိပြီးတော့ ရငွေ၊ သုံးငွေ ဒါဟာ ကျွန်တော်တို့ (၂)မျိုးခွဲပြီးတော့ သွင်းပြီးတော့ (၂)မျိုးခွဲပြီးတော့ သုံးတဲ့သဘောမျိုးဖြစ် ပါတယ်။

နောက် ကျွန်တော်တို့ နောက်တစ်ခုကတော့ SEE ထဲမှာမှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ရဲ့ အပြင်ကနေဆောင်ရွက်တဲ့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများလည်း အခုရှိပါ တယ်။ အခုဆိုရင် ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်က (၄)ခု၊ နောက်တစ်ခါ ရန်ကုန်

လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနဲ့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(၂)ခု၊ ပေါင်း(၆)ခုရှိ နေပါပြီ။ သူတို့ကျတော့ ကျွန်တော်တို့ SEE Account လည်း မဟုတ်တော့ပါဘူး။ UFA (OA) Account လည်း မဟုတ်တော့ပါဘူး။ သူတို့သည် UFA ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ရဲ့ အပြင်ကနေ ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ စာရင်းရှင်စာရင်းဖွင့်ပြီးတော့မှ ကျွန်တော်တို့ ရငွေ၊ သုံးငွေ အားလုံးကို ကျွန်တော်တို့ အဲဒီမှာ သွင်းရပါတယ်။ အဲဒီမှာ ထုတ်သုံးရပါတယ်။ ဒါပေမယ့်လည်း ဒါကို One Line အနေနဲ့ ကျွန်တော်တို့ ဘတ်ဂျက်ထဲမှာ ထည့်ထားပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အရအသုံးဥပဒေမှာပါရှိပြီး ဖြစ်ပါတယ်။ အလားတူပဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လည်းပဲ ဒီလိုပဲ အပြင်ကဆောင်ရွက်ပါတယ်။ သူ့ရဲ့ရငွေ၊ သူ့ရဲ့သုံးငွေကို သူ့ရဲ့စာရင်းနဲ့ပဲ သီးခြားထားရှိပြီးတော့ ဒါ ကျွန်တော်တို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို ထိန်းသိမ်းထားတဲ့ပုံစံ ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ထပ်ပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုရင် SEE Account ထဲမှာ ကျွန်တော်တို့ ခုနတင်ပြတဲ့ ရငွေတွေမှာဆိုလို့ရှိရင် SEE တွေထဲက ရရှိတဲ့ အခုဒီမှာ ဇယားထဲမှာ ဖော်ပြထားတဲ့ ဒဏ်ကြေးအဖြစ် သိမ်းယူရငွေတို့၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်သွင်းငွေတို့ ဒါတွေအားလုံးကို ကျွန်တော်တို့ SEE Account ထဲကို သွင်းရပါတယ်။ နောက် UFA(OA)Account ထဲမှာ ကျတော့ သူတို့ ပြည်ပချေးငွေအပေါ်မှာ အတိုးပေးငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ကြွေးမြီ အသုံးစရိတ်ဆိုတဲ့ အသုံးစရိတ်တွေကို ဒီ UFA(OA)Account ထဲကနေ ထုတ်ယူ သုံးစွဲရပါတယ်။ ဒါကတော့ ကျွန်တော်တို့ လုံလောက်မှုရှိတဲ့ SEE တွေ ဆိုရင်ပေါ့၊ သူ့အခြေအနေအရ လုံလောက်မှု မရှိသေးဘူး။ (၃)နှစ်၊ (၄)နှစ်လုံး စုထားတဲ့နေရာမှာ လုံလောက်မှု မရှိသေးဘူးဆိုတဲ့ လူတွေကတော့ အဲဒီ ကျွန်တော်တို့ SEE Account ထဲကပဲ၊ သဘောကတော့ SEE Account ဆိုတာ နိုင်ငံတော်ကနေခံပေးတဲ့ Account ပေါ့၊ အဲဒီအထဲက သူတို့ လစာတွေရော၊ ပင်စင်တွေရော၊ စီမံရောင်းဖြန့် စရိတ်တွေရော၊ ကျွန်တော်တို့ တီထွင်စရိတ်တွေ၊ ပြည်ပချေးငွေကို ပေးရမယ့်အတိုးတွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်တွေ၊ ကြွေးမြီ အသုံးစရိတ်တွေ အဲဒါတွေကို အကုန်လုံးကို SEE Account ထဲကပဲ ထုတ်သုံးရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ သူ့ရဲ့ OA မှာ လုံလောက်မှုမရှိသေးသောကြောင့် ဖြစ်ပါတယ်။ ဒီဘက်က ကျွန်တော်တို့ UFA(OA)Account ထဲမှာ ပြန်ကြည့်မယ်ဆိုလို့ရှိရင်တော့ သူ့ရဲ့ SEE လည်ပတ်နေတဲ့ ကုန်ပစ္စည်း ရောင်းချလို့ရတဲ့ ရငွေတွေ၊ အခြားရငွေတွေ၊ ဖက်စပ်လုပ်ငန်းလုပ်တဲ့ အမြတ်ဝေစုတွေ၊ အကျိုးတူဝေစုတွေကရတဲ့ ငွေတွေ၊ လိုင်စင်ကြေးတွေ၊ ဝင်ကြေးရငွေတွေကို အကုန်လုံး UFA(OA) Account ထဲမှာ ကျွန်တော်တို့က သွင်းခွင့်ပြုပါတယ်။ သွင်းထားပါတယ်။ သွင်းထားပြီးလို့ရှိရင် အဲဒီထဲက ဘာတွေထုတ်သုံးရမလဲဆိုရင် လုံလောက်မှုရှိတယ်ဆိုတဲ့ အဖွဲ့အစည်းတွေကတော့ ကျွန်တော်တို့ နှစ်စဘဏ္ဍာရေးဘတ်ဂျက် ဆွဲတဲ့အချိန်မှာ ဒီကိစ္စတွေကို တစ်ခါတည်း ညှိပြီးသား ဖြစ်ပါတယ်။ အဲဒီမှာ သူက သူခံရမယ့်အသုံးစရိတ်တွေသည် လစာပင်စင်ကို UFA(OA) ထဲကခံရပါမယ်။ ကုန်ကြမ်းဝယ်ယူစရိတ်တွေ၊ လုပ်ငန်းဆောင်ရွက်မှုစရိတ်တွေ၊ စီမံရောင်းဖြန့်စရိတ်တွေ၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်တာတွေ၊ နောက် အမြတ်ရရှိလို့ရှိရင် သူထည့်ရမယ့် နိုင်ငံတော်ကို ထည့်ရမယ့်ဝင်ငွေခွန်၊ နိုင်ငံတော်ကို ထည့်ရမယ့် ထည့်ဝင်ငွေ ဒါတွေကို သူ့ရဲ့ UFA(OA)ထဲကပဲ ကျွန်တော်တို့ ကျခံပေးရမယ့်အနေအထား ဖြစ်ပါတယ်။

နောက်တစ်ခါ လုံလောက်မှုမရှိဘူးဆိုလို့ရှိရင်တော့ UFA(OA) ထဲကနေပြီးတော့ စောစောက ကျွန်တော်တို့ SEE Account ထဲက နိုင်ငံတော်က ခံပေးတဲ့စရိတ်တွေအပြင် ကျန်တဲ့စရိတ် တွေဖြစ်တဲ့ ကုန်ကြမ်းဝယ်ယူခြင်းစရိတ်တွေ၊ လုပ်ငန်းဆောင်ရွက်မှုစရိတ်တွေ၊ ကုန်သွယ်လုပ်ငန်းခွန်၊ အမြတ်ရရှိလို့ရှိရင် ကျွန်တော်တို့ ဝင်ငွေခွန်တို့၊ နိုင်ငံတော်သို့ထည့်ဝင်ငွေတို့ကို ကျွန်တော်တို့ ဒီ UFA(OA) ထဲက ထုတ်သုံးရတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်အခြေအနေ အနေအထားအရ ဆိုလို့ရှိရင် ဒါ ကျွန်တော်တို့ UFA(OA) ဆိုသည်မှာ ကျွန်တော်တို့ ဘတ်ဂျက်ရဲ့ ပြင်ပလုပ်ငန်းစဉ်ကနေပြီးတော့မှ ဆောင်ရွက်နေတာမဟုတ်ဘဲနဲ့ ဘတ်ဂျက်အတွင်းကနေပဲ ကျွန်တော်တို့ ဆောင်ရွက်နေတယ်ဆိုတဲ့ အကြောင်းလေး ကျွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ SOE တွေရဲ့ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များနဲ့ပတ်သက်ပြီးတော့ SOE များအပါအဝင် ကျွန်တော်တို့ ဝန်ကြီးဌာနများအလိုက် သတင်းထုတ်ပြန်ရေးအဖွဲ့များလည်း ဖွဲ့စည်းသတ်မှတ်ထားပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ သတင်းအချက်အလက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများကတစ်ဆင့် ကျွန်တော်တို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်တာလည်း ရှိပါတယ်။ နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ယခုလို ထောက်ပြလမ်းညွှန်ချက်အရနှင့် ကျွန်တော်တို့ ဝန်ကြီးဌာနများအနေနဲ့လည်း ပြန်လည်သုံးသပ်မှုများအရ ဒီ (OA) Account တွေကို ကျွန်တော်တို့ အသေးစိတ် စိစစ်လျက်ရှိပြီးတော့ ဒီ SE(OA) တွေအပြင်ကို တစ်ခြားသော MMD တွေမှာလည်း သီးခြားရည်ရွယ်ချက်လေးတွေနဲ့ ကျွန်တော်တို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုတင်ပြပြီးတော့ဖွင့်တဲ့ (OA) Account လေးတွေလည်း ရှိပါတယ်။

(OA) ဆိုတာကတော့ ကျွန်တော်တို့ စောစောက ငွေထုတ်စာရင်းမဟုတ်တဲ့ အစိုးရ ငွေထုတ်စာရင်းမဟုတ်တဲ့ အခြားစာရင်းရှင်တွေ၊ ဒါကလည်း သီးခြားရည်ရွယ်ချက်ကလေးနဲ့ ကျွန်တော်တို့ ဥပမာ ချေးငွေဆိုရင်လည်း ချေးငွေအတွက်ဖွင့်ရတဲ့ သီးခြားစာရင်းလေးတွေ ရှိပါတယ်။ ဒီလိုစာရင်းလေးတွေကို အကုန်လုံးပြန်ပြီးတော့ ကျွန်တော်တို့ ပြန်ပြီးတော့သုံးသပ်ပြီးတော့မှ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်တင်ပြဖို့ လမ်းညွှန်ထားတာ ရှိပါတယ်။ ကျွန်တော်တို့ ဒါကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါက ပထမတစ်ချက်ပါ။

နောက် ဒုတိယ မေးခွန်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ရဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်း(၁) အကြောင်းအမျိုးမျိုးကြောင့် ထီဆုငွေများ လာရောက်ထုတ်ယူခြင်းမရှိတဲ့ ဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုဘဲ ပြည်သူ့မျက်နှာကြည့်ပြီး ပြည်သူများ၏ ရပိုင်ခွင့်ငွေများကို ထီထိုးကံစမ်းသူ ပြည်သူများအတွက် ဆုမဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေနဲ့ လစဉ် ထီလက်မှတ်များ ရောင်းချရငွေစုစုပေါင်းရဲ့ (၆၀)ရာခိုင်နှုန်းကို ကံစမ်းသူများကို ဆုမဲများအသီးသီး ခွဲဝေချီးမြှင့်ပေးပြီး (၄၀) ရာခိုင်နှုန်းကို နိုင်ငံတော်အခွန်ဘဏ္ဍာအဖြစ် ကောက်ခံပေးလျက်ရှိပါတယ်။

အောင်ဘာလေသိန်းဆုဌာနခွဲအနေနဲ့ ထီဖွင့်လှစ်ခြင်းကို လစဉ် လဆန်းတစ်ရက်နေ့မှာ တစ်ရက်တည်း ဖွင့်လှစ်ပေးပြီး ထီဆုငွေများကိုထုတ်ယူရတဲ့နေရာမှာလည်း တစ်ရက်တည်းနဲ့ ရရှိအောင်၊ ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထီကံစမ်းသူများအနေနဲ့ ထီထိုးတိုင်း အမြဲထီပေါက်နိုင်ခြင်းမရှိသကဲ့သို့ မိမိထိုးတဲ့ထီပေါက်မဲတစ်ခုဟာ ကာယကံရှင်တစ်ဦးတည်းအတွက် ပေါက်မဲသာဖြစ်ပြီးတော့ ထီဆုငွေကို ၎င်းသာ ခံစားရမယ့်သူ ဖြစ်ပါတယ်။ ဆုရလက်မှတ် တင်ပြနိုင်သူ သို့မဟုတ် ပိုင်ဆိုင်သူကိုသာ ဆုငွေထုတ်ပေးမှာဖြစ်ကြောင်းလည်း ကျွန်တော်တို့ ထီလက်မှတ်မှာ ဖော်ပြထားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ထီဆုငွေ လာရောက်ထုတ်ယူခြင်းမရှိတဲ့ ဆုငွေများသည် ကံစမ်းသူအားလုံးနဲ့သက်ဆိုင်ခြင်းမရှိဘဲ ပေါက်မဲရရှိတဲ့ တစ်ဦးတစ်ယောက်အတွက်နဲ့ တစ်ကြိမ်သာခံစားခွင့် သို့မဟုတ် ရပိုင်ခွင့်သဘောမျိုးဖြစ်ပါတယ်။ အောင်ဘာလေသိန်းဆုဌာနခွဲအနေနဲ့ လစဉ် အောင်ဘာလေထီပေါက်မဲများကို ပြည်သူလူထု အချိန်မီ သိရှိနိုင်စေရန် ထီပေါက်စဉ်များ၊ အောင်ဘာလေထီ Website မှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါတယ်။

ထီဆုငွေများကို ထီပေါက်စဉ် ကြေညာပြီးနောက် တစ်နှစ်(၁၂)လ ကာလတာအတွင်းမှာ လာရောက်ထုတ်ယူရန် သတ်မှတ်ထားပြီးတော့ အဆိုပါကာလအတွင်းမှာ လာရောက်ထုတ်ယူခြင်း မပြုပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည်ဖြစ်ကြောင်းကိုလည်း ထီလက်မှတ်ရဲ့ နောက်ကျောမှာ ဖော်ပြထားပါတယ်။ ထုတ်ပေးရန် သတ်မှတ်ကာလအတွင်းမှာ အချိန်စေ့ရောက်ခါနီးမှာလည်း နိုင်ငံပိုင်သတင်းစာတွေနဲ့ အောင်ဘာလေထီ Website တို့ကနေပြီးတော့ ထုတ်ပြန်အသိပေး ကြေညာလျက် ရှိပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အောင်ဘာလေထီပေါက်သူ ပြည်သူများရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ ထီဆုငွေများကနေ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ယူခြင်းမရှိတဲ့ ဘဏ္ဍာသိမ်းရငွေများအပေါ်မှာ အစိုးရအနေနဲ့ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေထဲကို ကျွန်တော်တို့ ပေးသွင်းဝင်ရောက်ပြီးလို့ရှိရင်တော့ နိုင်ငံတော်ရဲ့ လုံခြုံရေးအပါအဝင် ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍအသီးသီးမှာ (၅၁)သန်းသော ပြည်သူများအတွက် အချိုးကျ ပြန်လည်ခွဲဝေသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းတဲ့ ထီဆုငွေများကို သတ်မှတ်ချက်များနဲ့အညီ အောင်ဘာလေထီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပြန်လည်သုံးစွဲနိုင်ဖို့ ဆိုပြီးတော့နောက် ကျွန်တော်တို့ ရေးဆွဲတင်ပြမယ့် အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းမှာ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ လေ့လာပြီးတော့ လိုအပ်သလိုသုံးသပ်ပြီး အကြံပြု ပြင်ဆင်နိုင်ပါတယ်။

ဆက်လက်ပြီးတော့ ပြည်သူများ ရပိုင်ခွင့်ငွေများကို ထီကံစမ်းသူ ပြည်သူများအတွက် ပြည်တွင်းအခွန်များဦးစီးဌာနကနေပြီးတော့ (၅၀၀)ကျပ်တန် အောင်ဘာလေထီ ထုတ်ဝေရောင်းချနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများအနေနဲ့ တရားမဝင်ထီထိုးခြင်းကို စိတ်ဝင်စားမှုလျော့နည်းသွားအောင်၊ ဆုကြေးငွေပိုမိုရရှိအောင်၊ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားဖို့အတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ အထူးဆုကြီးအဖြစ် ကျပ်သိန်း(၁၀၀၀၀)၊ ဒုတိယဆုအဖြစ် သိန်း(၅၀၀၀)၊ တတိယဆုအဖြစ် ကျပ်သိန်း(၁၀၀၀)၊ ဆုတစ်ဆုချင်းစနစ်မှာ ကျပ်သိန်း(၁၀၀)၊ သိန်း(၅၀)၊ (၁၀)သိန်း၊ ဝေဝေဆာဆာ

ဆုမဲများအနေဖြင့် အက္ခရာနှင့် ရှေ့ဂဏန်း (၅)လုံးတူ ကျပ်(၃)သိန်း၊ အက္ခရာနဲ့ရှေ့ဂဏန်း (၄)လုံးတူ ကျပ်(၂)သိန်း၊ အက္ခရာနဲ့ရှေ့ဂဏန်း(၃)လုံးတူ ကျပ်(၁)သိန်း၊ အက္ခရာနဲ့ရှေ့ဂဏန်း(၂)လုံးတူ ကျပ်(၅)သောင်း စတဲ့ဆုများကိုလည်း ချီးမြှင့်မှာဖြစ်ပါတယ်။ ဆုမဲတန်ဖိုး တိုးမြှင့်ပေးခြင်းအပြင် ဆုမဲအရေအတွက်တွေကိုလည်း တိုးမြှင့်ပေးထားပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၂)ဖြစ်တဲ့ ထီဈေးနှုန်းမြင့်မားနေခြင်းဟာ ထီစောင်ရေကို လုံလောက်အောင် ထုတ်ဝေခြင်းမရှိဘဲနဲ့ ထိန်းချုပ်ထားတဲ့အပြင် တစ်ပိုင်တစ်နိုင် ရောင်းချသူများက မြို့နယ်အခွန်ရုံးများမှာ ဝယ်၍မရဘဲဖြစ်နေသဖြင့် ပြည်သူများအနေဖြင့် မြို့နယ်အခွန်ရုံးများတွင် ထီစောင်များ လွယ်လင့်တကူ ဝယ်ယူခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲအနေနဲ့ ၁-၁၂-၂၀၀၈ ရက်နေ့ကနေ စတင်ပြီးတော့ (၂၄၀)ကြိမ်မြောက် (၂၀၀)ကျပ်တန်ထီကို စတင်ရောင်းချခဲ့ပါတယ်။ ထီစာအုပ်ရောင်းချလိုသူများ၊ လစဉ်ထီထိုးသူများအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှအပ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှာ မိမိတို့ ဝယ်ယူရောင်းချလိုတဲ့ ထီစာအုပ်အရေအတွက်ကို ဖော်ပြပြီးတော့ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက် ဝယ်ယူခွင့်လျှောက်ထားရမှာ ဖြစ်ပါတယ်။ လစဉ် ဝယ်ယူခွင့်ရရှိမှာ ဖြစ်ပါတယ်။ မိမိရောင်းချလိုတဲ့ လအတွက်ကိုသာ ကွက်ပြီးတော့ လျှောက်ထားရယူခွင့် မရှိပါ။ ထီလက်မှတ်များကို ဝါဇီမှာရှိတဲ့ လုံခြုံရေးနဲ့ဆိုင်တဲ့ ပုံနှိပ်လုပ်ငန်းများ စက်ရုံသို့ အမှာစာကြိုတင်ပေးပို့ပြီးတော့ ရိုက်နှိပ်ရတာဖြစ်ပြီးတော့ ဝယ်လိုအားကို မှန်းပြီးတော့ မှာကြားရတာဖြစ်တဲ့အတွက်ကြောင့် ရောင်းချပေးနိုင်တဲ့ပမာဏကို ယခုလို ကန့်သတ်ထားရတာ ဖြစ်ပါတယ်။

ထီလုပ်ငန်းရှင်များအနေနဲ့ မှာယူတဲ့ လက်မှတ်စောင်ရေအတိုင်းကို Bank Payment Order စနစ်နဲ့ မြန်မာ့စီးပွားရေးဘဏ်ကို သတ်မှတ်ချက်အတိုင်း ပေးသွင်းရမှာဖြစ်ပြီး ရောင်းမကုန်လို့ ပြန်လည်အပ်နှံတဲ့ ထီလက်မှတ်များကို ပြည်တွင်းအခွန်များဦးစီးဌာနကနေ ပြန်လည်လက်ခံခြင်းမရှိတဲ့အတွက် ထီရောင်းချသူများအနေနဲ့ ရောင်းမကုန်တဲ့ထီလက်ကျန်လက်မှတ်များကိုလည်း ၎င်းတို့ကသာ တာဝန်ယူကျခံရတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ထီရောင်းချခြင်းနဲ့ စပ်လျဉ်းပြီးတော့ အောင်ဘာလေသိန်းဆု စတင်ဖွင့်လှစ်တဲ့ အချိန်ကစပြီးတော့ ယနေ့အချိန်အထိကို ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ရုံးများအနေနဲ့ ထီတစ်စောင်ချင်း၊ တစ်အုပ်ချင်း ရောင်းချပေးရန် အခက်အခဲရှိသဖြင့် ထီစာအုပ် ဝယ်ယူခွင့် ရရှိသူများကို ရရှိတဲ့ ထီအုပ်ရေအတိုင်း လက်ကားရောင်းချတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ နိုင်ငံတော်အခွန်ရငွေများရဲ့ (၇၅)ရာခိုင်နှုန်းကျော်ကို ကောက်ခံပေးနေတဲ့လုပ်ငန်းဌာန တစ်ခုဖြစ်တဲ့အတွက်ကြောင့် ထီတစ်စောင်ချင်း၊ တစ်အုပ်ချင်းကို လက်လီရောင်းချပေးရမယ်ဆိုလို့ရှိရင် ဝန်ထမ်းအင်အားတွေ ဒီနေရာမှာ ပိုပြီးတော့အသုံးချရမှာ ဖြစ်ပါတယ်။ ကျန်ကောက်ခံမှု၊ ကျန်အခွန်ကောက်ခံမှုအပိုင်းများမှာလည်း လစ်ဟင်းသွားနိုင်ပါတယ်။

အခြေခံလူတန်းစားများရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ လျော့နည်းသွားနိုင်ပါတယ်။ ဝန်ထမ်းများ ငွေကြေးကိုင်တွယ်ဆောင်ရွက်ရခြင်းအတွက် ငွေကြေးဆိုင်ရာ မလိုလားအပ်တဲ့ ပြဿနာ

များလည်း ဖြစ်ပေါ်နိုင်ခြင်း စသည်တို့ကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြို့နယ်အခွန်ရုံးများမှာ လက်လီ ဖြန့်ဖြူးရောင်းချပေးနိုင်ရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း၊ လက်ကားဝယ်ယူရောင်းချလိုသူများအတွက် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဝယ်ယူခွင့်ရရှိရေးကို တင်ပြ လျှောက်ထားနိုင်ပါကြောင်း ရှင်းလင်း ဖြေကြား တင်ပြအပ်ပါတယ်။ ထို့အပြင် ထီဈေးနှုန်း မြင့်မားနေခြင်းကို ထိန်းညှိနိုင်ရန်နဲ့ ထီစောင်ရေကို လိုသလောက် ကံစမ်းနိုင်ရန်အတွက်ကို ကျွန်တော်တို့ စောစောကတင်ပြသလို ကျွန်တော်တို့ (၅၀၀)ကျပ်တန် ထီလက်မှတ်များကို တိုးချဲ့ရောင်းချဖို့နဲ့ e-Lottery စနစ်ကို ကျွန်တော်တို့ လေ့လာပြီးတော့ တင်ပြလျက်ရှိပါတယ်။ ဒီစနစ်ကို ဆောင်ရွက်ခြင်းအားဖြင့် မိမိကြိုက်နှစ်သက်ရာဂဏန်းကို ဈေးကွက်မှာကံစမ်းနိုင်သလို လူတန်းစားမရွေး ကံစမ်းနိုင်ခြင်း၊ မိမိဆန္ဒရှိတဲ့ ငွေပမာဏကို အသုံးပြုနိုင်ခြင်း၊ နေရာအနှံ့အပြားကနေပြီးတော့ အလွယ်တကူ ကံစမ်းနိုင်ခြင်း၊ ထီဈေးကွက်များ တည်ငြိမ်လာစေခြင်း၊ တရားမဝင်ထီထိုးခြင်းများကို ပပျောက်စေခြင်း၊ ထီထိုးရန် လွယ်ကူလျင်မြန်ထိရောက်မှုရှိခြင်း စတဲ့အချက်များကို ပြည့်ပြည့်စုံစုံနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို e-Lottery စနစ်ကို အကောင်အထည်ဖော်ဖို့နဲ့ အောင်ဘာလေသိန်းဆု ဖြန့်ဖြူးရောင်းချခြင်း၊ ထီဆုခွဲဝေခြင်း၊ ဆုငွေထုတ်ပေးခြင်းတွေကို ဥပဒေနဲ့အညီ ကျွန်တော်တို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အစိုးရအောင်ဘာလေထီ ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကတစ်ဆင့် လွှတ်တော်သို့ တင်သွင်းထားပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။ တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဆွေးမြည့်ပျက်စီးမှုမရှိခင် နိုင်ငံတော်ဘဏ္ဍာ ဖြည့်တင်းနိုင်ရေးအတွက် လေလံတင်ရောင်းချခြင်း သို့မဟုတ် မော်တော်ယာဉ် လိုအပ်သောဌာနများသို့ လွှဲပြောင်းအသုံးပြုခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးမှာ ကျွန်တော်တို့ ဖမ်းဆီးရမိ ယာဉ်များကို လုပ်ထုံးလုပ်နည်းနဲ့အညီ တရားဥပဒေအရ တရားစွဲဆိုပြီးတော့ တရားရုံးဆုံးဖြတ်ချက် ကျလာပါက နိုင်ငံတော်ဘဏ္ဍာသိမ်းယာဉ်များကို Open Tender စနစ်နဲ့ရောင်းချရန်၊ ကြမ်းခင်းဈေးသတ်မှတ်မှုကို တရားဝင် ပြည်ပမှ လိုင်စင်တင်သွင်းဈေးနှုန်းထက် မနိမ့်စေရန်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အားလုံး တစ်ပြေးညီ ဖြစ်စေရန်အတွက် Open Tender မပြုလုပ်မီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနသို့ ကြမ်းခင်းဈေး သတ်မှတ်ရေးဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံပြီးမှ ဆောင်ရွက်ရန်၊ ရောင်းချမရတဲ့ယာဉ်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ နိုင်ငံပိုင်စာရင်းရေးသွင်းရေး လွှဲပြောင်းပေးအပ်ပြီး နိုင်ငံတော် အစီအစဉ်ဖြင့် လိုအပ်တဲ့ဌာနအဖွဲ့အစည်းများ အသုံးပြုနိုင်ရေး ပြန်လည်ခွဲဝေပေးရန် ပြည်ထောင်စု

အစိုးရအဖွဲ့ရုံးက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ လမ်းညွှန်ခဲ့ပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကလည်း တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဥ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ လမ်းညွှန်ချက်အတိုင်း Open Tender စနစ်နဲ့ရောင်းချပြီးတော့ ရောင်းချမရတဲ့ မော်တော်ယာဥ်များ ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို လွှဲပြောင်းပေးလျက်ရှိပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များက လွှဲပြောင်းပေးအပ်တဲ့ မော်တော်ယာဥ်များကို မြေပြင်ကို သွားရောက်စစ်ဆေးပြီးတော့ ပြုပြင်သုံးစွဲနိုင်တဲ့အဆင့် မော်တော်ယာဥ်များနဲ့ ပြုပြင်သုံးစွဲရန်မသင့်တဲ့ မော်တော်ယာဥ်အဆင့်များကို ခွဲခြားသတ်မှတ်ပြီးတော့ ပြုပြင်သုံးစွဲနိုင်တဲ့အဆင့် မော်တော်ယာဥ်များကို မော်တော်ယာဥ်လိုအပ်တဲ့ ဌာနအဖွဲ့အစည်းများ အသုံးပြုနိုင်ရေး ပြန်လည်ခွဲဝေပေးရန်နဲ့ ပြုပြင်သုံးစွဲရန်မသင့်အဆင့် သတ်မှတ်တဲ့ မော်တော်ယာဥ်တွေကို သံရည်ကျိုဖျက်ဆီးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက် ရယူပြီး ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံပိုင်စက်ပစ္စည်းများ စွမ်းအားပြည့်အသုံးချနိုင်ရေးနဲ့ စနစ်တကျအသုံးချနိုင်ဖို့အတွက် ကို ယာဥ်နဲ့စက်ပစ္စည်းများကို စစ်ဆေးခြင်းဆောင်ရွက်ရန် လုပ်ငန်းတာဝန်အရ အစိုးရအဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာမော်တော်ယာဥ် အားလုံးကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွေမှာ ကျွန်တော်တို့ဌာနကနေ ပြီးတော့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ဒီနေရာမှာ ဌာနဆိုင်ရာမော်တော်ယာဥ်ပေါင်း(၃၅၇၈၁)စီး အနက် သုံးစွဲနိုင်တဲ့မော်တော်ယာဥ်(၂၈၁၃၆)စီး ဖြစ်ပြီးတော့ ပြုပြင်သုံးစွဲရန်မသင့်တဲ့မော်တော်ယာဥ် (၇၆၄၅)စီး တွေ့ရှိရပါတယ်။ ပြုပြင်သုံးစွဲရန်မသင့်တဲ့ သံရည်ကျိုအဆင့်ရောက်မယ့်မော်တော်ယာဥ် (၇၆၄၅)စီးကို လုပ်ထုံးလုပ်နည်းနဲ့အညီ သံရည်ကျိုဖျက်ဆီးခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၆ ခုနှစ်၊ မေလမှာ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများမှာရှိတဲ့ ဌာနဆိုင်ရာ မော်တော်ယာဥ်နဲ့ စက်ကြီးယန္တရားတွေကိုလည်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်းမှာလည်းပဲ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ဌာနဆိုင်ရာ မော်တော် ယာဥ်နဲ့ စက်ကြီးယန္တရားများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက် ရှိပါတယ်။ ပြုပြင်သုံးစွဲရန် မသင့်တဲ့ သံရည်ကျိုဖျက်ဆီးခဲ့တဲ့ ဖော်ပြပါ မော်တော်ယာဥ်တွေကို ဌာနဆိုင်ရာများကို ပြန်လည်ဖြည့် ဆည်းပေးဖို့လိုအပ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ တရားရုံးအသီးသီးက ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဥ်များကို လေလံတင်ရောင်းချခြင်း မပြုတော့ဘဲနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို နိုင်ငံပိုင်စာရင်းရေးသွင်းအပ်နှံပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာ အမှန်တကယ်လိုအပ်တဲ့ဌာနများကို မျှတစွာပြန်လည်ထုတ်ပေးဖို့ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက လမ်းညွှန်ထားပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာရှိတဲ့ တရားရုံးအသီးသီးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့မော်တော်ယာဥ်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်ပြီးတော့ နိုင်ငံပိုင်စာရင်းရေးသွင်းနိုင်ဖို့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်တဲ့ တရားရုံးအသီးသီးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်များကို ကွင်းဆင်းစစ်ဆေးပြီးတော့ ပြုပြင်သုံးစွဲနိုင်တဲ့အဆင့်နဲ့ ပြုပြင်သုံးစွဲရန်မသင့်တဲ့အဆင့် ယာဉ်များကို ခွဲခြားသတ်မှတ်ပါတယ်။ သတ်မှတ်ပြီးလို့ရှိရင် ပြုပြင်သုံးစွဲနိုင်တဲ့အဆင့် မော်တော်ယာဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ မော်တော်ယာဉ်လိုအပ်တဲ့ဌာနများကို ခွဲဝေပေးလျက်ရှိပါတယ်။ ပြုပြင်သုံးစွဲရန်မသင့်တဲ့ မော်တော်ယာဉ်များကိုတော့ သံရည်ကျိုဖျက်ဆီးနိုင်ရေးအတွက်ကို နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက်ရယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွေက ဖမ်းဆီးရမိပြီးတော့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းတဲ့ ပြုပြင်သုံးစွဲနိုင်တဲ့အဆင့်ရှိတဲ့ မော်တော်ယာဉ်များကိုလည်းပဲ အစိုးရအဖွဲ့အစည်းများနဲ့ ဌာနဆိုင်ရာများကို ဌာနဆိုင်ရာမော်တော်ယာဉ်များအဖြစ်နဲ့ စာရင်းသွင်းပြီးတော့ ခွဲဝေပေးလျက်ရှိပါတယ်။ ပြုပြင်သုံးစွဲရန်မသင့်တဲ့အဆင့် မော်တော်ယာဉ်များကိုတော့ စောစောက အတိုင်းပဲ လုပ်ထုံးလုပ်နည်းနဲ့အညီ သံရည်ကျိုဖျက်ဆီးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ ဖမ်းဆီးရမိယာဉ်များနဲ့ပတ်သက်ပြီးတော့ လေလံတင်ရောင်းချခြင်း သို့မဟုတ် ဌာနများကို ခွဲဝေပေးခြင်းများကို တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သတ်မှတ်ချိန်ထက် ကျွန်တော် ပိုပေးထားပြီးပါပြီ။ ခွင့်မပြုတော့ဘူး။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ၁၉-၅-၂၀၁၆ ရက်နေ့တွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင် က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ၁-၆-၂၀၁၆ ရက်နေ့မှာ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ

သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၂၄-၅-၂၀၁၆ ရက်နေ့ မှာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ၁-၆-၂၀၁၆ ရက်နေ့မှာ ပြင်ဆင် ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားတဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

ဒါ့ကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ မန္တလေးမြို့တော် စည်ပင် သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ရုပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရုပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၁၇ နာရီအချိန်တွင် ရုပ်နားပါသည်။]